**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်**

နေ့စွဲ - ၁၈. ၁၀. ၀၉

## သူငယ်ချင်းမိတ်ဆွေဖြစ်မှုကိုပြည့်စုံစေခြင်း(Friendship Made Perfect)

"ယေရှုကလည်း သင်တို့ကို အဘယ်သူမျှမလှည့်ဖြားစေခြင်းငှာ သတိပြုကြလော့၊ . . . . . ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း အစအဦးဖြစ်သတည်း။" မဿဲ ၂၄း၄၊ ၈

"မတရားသောမေထုန်ကို သူနှင့်ပြု၍ ကာမဂုဏ်၌ပျော်မွေ့သော လောကီဘုရင်တို့သည်၊ သူလောင်ကျွမ်းရာမီးကို မြင်သောအခါ၊ သူခံရသော ညှင်းဆဲခြင်းဝေဒနာကိုကြောက်၍ အဝေးကရပ်လျှက် ဖြစ်ရလေခြင်း၊ ဖြစ်ရလေခြင်း၊ ဗာဗုလုန်မြို့ကြီး၊ မြို့စွမ်း၊ သင်သည် တနာရီခြင်းတွင် အပြစ်စီရင်ခြင်းသို့ ရောက်ပါပြီတကားဟူ၍ သူ့ကြောင့် ငိုကြွေးမြည်တမ်းကြလိမ့်မည်။" ဗျာ ၁၈း၉-၁၀

"ကောင်းကင်မှကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။" ဗျာ ၂၁း၃

ဗျာ ၁း၈ တွင် ဤသို့ဖတ်ရပါသည်၊ "ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏ဟု အနန္တတန်ခိုး နှင့်ပြည့်စုံတော်မူ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်မိန့်တော်မူ၏။" ကမ္ဘာကြီးကို မိမိမိတ်ဆွေအဖြစ် အစအဦးမှခွဲခန့်မှတ်သားတော်မူသောဘုရားသခင်သည် အဆုံးသတ်တွင်လည်း ထိုရည်ရွယ်ချက်ကို ပြည့်စုံစေမည်သာဖြစ်ပါသည်။

### ၁။ နိမိတ်လက္ခဏာများ(The Signs)

ကျွန်တော်တို့နေထိုင်နေသောကမ္ဘာကြီးသည် စီရင်ချက်ချခံရမှုတခု၏ အောက်တွင်တည်ရှိနေပါသည်။ ထိုအချက်ကို ဘုရားသခင်က သိစေပါသည်။ ထိုအချက်ကို သခင်ယေရှုက အသေမခံမီတွင် နိမိတ်လက္ခဏာများအဖြစ် ပြောပြခဲ့ပါသည်။ မဿဲ ၂၄း၄-၇ *"အများသောသူတို့က ငါသည် ခရစ်တော်ဖြစ်၏ဟုဆိုလျှက် ပေါ်လာသဖြင့် လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။ သင်တို့သည် စစ်တိုက်ခြင်း အကြောင်းကိုငှင်း၊ စစ်တိုက်အံ့သောသတင်းကိုငှင်း ကြားကြလိမ့်မည်။ သို့သော်လည်း စိုးရိမ်တုန်လှုပ်ခြင်း မရှိစေခြင်းငှာ သတိပြုကြလော့။ ထိုအမှုအရာများသည် ဖြစ်ရမည်။ သို့သော်လည်း အဆုံးသည် မဖြစ်သေး။ လူတမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံ ရန်ဘက် ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ အစားခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည် ဖြစ်ကြလိမ့်မည်။"* ထိုအဖြစ်အပျက်များ ဖြစ်ပျက်သည့်အခါ၊ သခင်ယေရှုက လူတို့ကို တရားစီရင်ခြင်းသည် လာနပြီဖြစ်ကြောင်း သတိပေးနေခြင်းဖြစ်သည်။ တကယ်လည်း ဖြစ်လာလိမ့်မည်ဖြစ်သည်။ ၄င်းသည် နောင်တရရန် ပြန်ခေါ်နေခြင်းဖြစ်သည်၊ သို့သော် ထိုခေါ်သံကို ကမ္ဘာကြီးက ဘယ်တော့မှနားမထောင်ပါ။

ထိုမှဆန့်ကျင်စွာ ဆိုးညစ်မှုများနှင့်ပြည့်နေသောကမ္ဘာကြီးသည် ဘုရားသခင်ကို ပို၍မုန်းလာမည်ဖြစ်သည်။ ဘုရားသခင်ကို နားထောင်စရာမလိုကြောင်း သူ၏လူများကို နှိပ်စက်ဒုက္ခပေးခြင်းဖြင့် သက်သေပြဦးမည်ဖြစ်သည်(မဿဲ ၂၄း၉-၁၄)။ ဤအချက်သည် မျက်မှောက်ခေတ်အခြေအနေဖြစ်သည်။ ကမ္ဘာပေါ် တရားစီရင်ခြင်း ရောက်လာမည်၊ သခင်ခရစ်တော်၏သတင်းကောင်းသည် ထိုသို့ အောင်ပွဲ ခံရမည်။

### ၂။ ကမ္ဘာကြီးကို တရားစီရင်ခြင်း(The Judgment of the World)

ကျမ်းစာ၏ပုရောဖက်ပြုချက်များအရ ကမ္ဘာကြီး၏သမိုင်းကြောင်းသည် အောက်ဖော်ပြပါလမ်းကြောင်းများအတိုင်း တိုးတက်လာမည်ဖြစ်သည်။

က။ ကမ္ဘာကြီးသည် စွမ်းအားနှင့်တန်ခိုးတွင် ဆက်၍တိုးတက်နေမည်ဖြစ်သည်။ အဆုံးသတ်ချိန်ရောက်လျှင် ပို၍တိုးတက်မည်ဖြစ်သည်။ ဗျာဒိတ်(၁၃)က ဗာဗုလုန်ရဲတိုက်တွင် ရခဲ့သောဒဏ်ရာသည် ပျောက်သောအခါ ထိုသို့ အလျှင်အမြန် အင်နှင့်အားနှင့်တိုးတက်မည်ဟုပြောထားပါသည်။ ဆိုလိုသည်မှာ နတ်ဆိုးသည် ထိုအချိန်ရောက်သော် တကမ္ဘာလုံးရှိနိုင်ငံများကို စည်းရုံးနိုင်မည်၊ ထိုနောက် နိုင်ငံအားလုံးအတွက် တခုတည်းသော ရည်မှန်းချက်ကို ချမှတ်နိုင်မည်။ ထိုရည်မှန်းချက်သည် ဆိုးညစ်သောရည်မှန်းချက်ဖြစ်သည်၊ ခရစ်ယာန်တို့၏ဥပဒေသများအားလုံးကို ဆန့်ကျင်ခြင်းဖြစ်သည်။ ၎င်းကို အန္တိခရစ်နိုင်ငံတော်ဟုခေါ်ပါသည် (ဗျာ ၁၃း၇)။

ခ။ ထိုနိုင်ငံတော်ကြီးသည် နိုင်ငံရေးနိုင်ငံတော်ကြီးဖြစ်ယုံမျှသာမကပါ၊ ကမ္ဘာကြီးတခုလုံး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ပညာတတ်လောကကြီးကပါ၊ မိမိ၏သိပ္ပံအတတ်ပညာမျိုးစုံနှင့် ကူညီပေးမည် ဖြစ်သည် (ဗျာ ၁၃း ၁၃-၁၄)။

ဂ။ ထို့အပြင်၊ နောက်ဆုံးသောအချိန်ရောက်လျှင် ကမ္ဘာ့စီးပွားရေးသည်လည်း အင်မတန်ကြီးမားစွာတိုးတက်ခါ၊ လူတိုင်းကို သူတို့၏ဇာတိအလိုများအားလုံးကို ဖြည့်စွမ်းနိုင်သည်အထိဖြစ်လာပါလိမ့်မည်။ ခဏတဖြုတ် သူတို့၏တပ်မက်ခြင်းများ၊ အလိုဆန္ဒများကို ကျေနပ်စေပါလိမ့်မည်။ ထိုနိုင်ငံတော်ကို ကျမ်းစာက ဗျာ ၁၇း၅ တွင် "နက်နဲသောအရာ၊ ဗာဗုလုန်မြို့ကြီး၊ ပြည့်တန်ဆာတို့၏အမိ၊ မြေ၌ စက်ဆုပ်ရွံ့ရှာဖွယ်သောအရာတို့၏ အမိ"ဟု ခေါ်ပါသည်။

ထိုသို့ဖြစ်သော်လည်း အမှန်တွင်၊ အပြစ်၏ဥပဒေသများဖြစ်သည့် တကိုယ်ကောင်းဆန်ခြင်း၊ မုန်းတီးခြင်းတို့ဖြင့် အသက်ရှင်သော ဤကမ္ဘာကြီးသည် ဘုရားသခင်၏တရားစီရင်ခြင်းအောက်တွင်သာ ရှိနေပါသည်၊ မိမိကိုယ်မိမိ ဖျက်ဆီးခြင်းကို ထုတ်လုပ်နေခြင်းသာဖြစ်ပါသည်။ အပြင်ပန်းမှ အောင်မြင်နေသည်ဟု ထင်ရချိန်၌ပင်၊ မုန်းတီးခြင်း၊ ရန်လိုအငြိုးထားခြင်းတို့ဖြင့် ပြိုကျစပြုနေပြီဖြစ်သည်။ ဗျာ ၁၆း ၁၉ "မြို့ကြီးသည် သုံးဖြာကွဲ၍ လူအမျိုးမျိုးနေသောမြို့တို့သည် ပြိုလဲကြ၏။ ဘုရားသခင်သည် ပြင်းစွာသောအမျက်ဒေါသ၏ စပျစ်ရည်ဖလားကိုတိုက်ခြင်းငှာ ဗာဗုလုန်မြို့ကြီးကို အောက်မေ့တော်မူ၏။" ထိုအချိန်ရောက်မှသာ၊ ကမ္ဘာကြီးသည် ဘုရားသခင်၏ တရားစီရင်ခြင်းအောက် ရောက်နေကြောင်း သတိရလာမည်ဖြစ်၍၊ နာကျင်စွာခံစားလျှက် ဤသို့ အော်ဟစ်ပါမည်၊ "ထိုတောင်များ၊ ကျောက်များတို့ကို ခေါ်လျှက် ငါတို့အပေါ်သို့ ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့်၊ သိုးသငယ်၏ အမျက်တော်ကို ကွယ်ကာ၍၊ ငါတို့ကို ဖုံးအုပ်ကြပါ၊ အမျက်တော်ထင်ရှားသောနေ့ကြီး ရောက်ပါပြီတကား၊ အဘယ်သူသည် ခံရပ်နိုင်မည်နည်း။" ဗျာ ၆း၁၆-၁၇

၃။ **အသင်းတော်၏အောင်ပွဲ**(The Victory of the Church)

ထိုအချိန်တွင် ယုံကြည်ခြင်းအတွက် နှိပ်စက်ညှင်းဆဲခြင်းကိုခံနေရသော်လည်း မားမားမတ်မတ်ရပ်တည်နေသော ဘုရားသခင်၏အသင်းတော်သည်၊ သခင်ခရစ်တော်ကြွလာတော်မူခြင်းကို စောင့်မျှော်လျှက် အဆင်သင့်ဖြစ်နေမည်ဖြစ်သည်။ ခရစ်တော်သည် သူ၏အသင်းတော်အတွက် မင်္ဂလာဆောင်သတို့သားသည် သတို့သမီးထံလာရောက်သကဲ့သို့ လာမည်ဖြစ်၍၊ အသင်းတော်ကို ဘုန်းအသရေထဲသို့ ခေါ်ဆောင်သွားမည်ဖြစ်ပါသည်။

ခရစ်တော်၏ရောက်လာခြင်းသည် ကြီးမားသောတရားစီရင်ခြင်းနှင့်စမည်ဖြစ်သည်။ အမိန့်တော်များကို ချမှတ်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏လူများကို ကမ္ဘာမတည်မရှိမှီကထဲက သိတော်မူသောကြောင့်ဖြစ်သည်။ မဿဲ ၂၅း၃၂ တွင်လည်းဖတ်ရသည်၊ "ရှေ့တော်၌ လူမျိုးအပေါင်း (နိုင်ငံအပေါင်း)တို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို တခြားစီ ခွဲထားသကဲ့သို့၊ လူအပေါင်းတို့ကို အသီးအခြားခွဲမည်ဖြစ်သည်။" ထို့နောက် သခင်ဘုရားက သူတို့သည် မိမိတို့ပြုခဲ့သော အလုပ်များကြောင့် တရားစီရင်ခံထိုက်ကြောင်းကို ရှင်းပြတော်မူမည်ဖြစ်သည်။ ထိုအခါ၊ ဆိုးညစ်သောသူများ (သို့) ဝိညာဉ်ရေးအရသေနေသူများသည် သူတို့၏အကျင့်အတိုင်း တရားစီရင်ခြင်းခံရမည်ဖြစ်သည်။ ဗျာ ၂၀း၁၂ "သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးသားချက်များနှင့်အညီ တ

ရားစီရင်ခြင်းကို ခံရကြ၏။” သို့သော် ဖြောင့်မတ်သူများမှာ ထိုသူတို့နှင့်ဆန့်ကျင်စွာ မှန်သောသူများ အဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။ သူတို့အလုပ်များကြောင့်မဟုတ်၊ သူတို့၏နာမည်များကို အသက်စာစောင်ထဲတွင် ရေးမှတ်ထား၍ဖြစ်သည်၊ သိုးသငယ်၏အသွေးတော်ဖြင့် ပြောင်းလဲခြင်းကို ရကြသူများဖြစ်၍ဖြစ်သည်။

ထို့နောက် ထာဝရကာလသို့ ရောက်မည်ဖြစ်သည်။ ဆိုးညစ်သူများကို ငရဲမီးအိုင်ထဲသို့ ပစ်ချမည်ဖြစ်သည် (ဗျာ ၂၀း၁၄)၊ သို့သော် ဖြောင့်မတ်သူများထံ ဤသို့ပြောပါသည်၊ မဿဲ ၂၅း၃၄၊ *ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့။* သို့သော် ဘုရားသခင်၏လူတို့အတွက်၊ ထိုနေရာတွင် ဘုရားသခင်နှင့်မိတ်ဆွေသူငယ်ချင်းဖြစ်မှုသည် နောက်ဆုံးအဆင့် အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ ကမ္ဘာဟောင်းသည် မီးလောင်ခြင်းဖြင့် ကုန်ဆုံးသွားမည်ဖြစ်သည် (၂ပေ ၃း၁၀)။ ထိုနေရာတွင် ကောင်းကင်အသစ်နှင့်မြေကြီးအသစ်သည် ပေါ်ထွက်လာမည်ဖြစ်သည်၊ ယောဟန်က ဗျာ ၂၁း၂၊ ၃တွင် ပြောသလိုဖြစ်သည်၊ *သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းအဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျှက်၊ ဘုရားသခင်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ ကောင်းကင်မှကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင် ဖြစ်တော်မူမည်။*

ထိုအချက်သည် ဘုရားသခင်က ကမ္ဘာကြီးကို ဖန်ဆင်းလျှက်၊ မိမိထံတော်၌လူတစုကို ရှိစေချင်သည့် ရည်ရွယ်ချက် ပြည့်စုံခြင်းဖြစ်သည်။ ဧဖက် ၁း၅၊ *ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။* ထိုသို့ဖြင့် ဘုရားသခင်၏မိသားစုသည် ပြည့်စုံသွားမည်ဖြစ်သည်။ သူနှင့်အတူ ကျွန်တော်တို့သည် သူငယ်ချင်း မိတ်ဆွေများအဖြစ်နှင့် ထာဝရနေထိုင်သွားကြမည်ဖြစ်သည်။ ရောမ ၁၁း၃၆ *ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကငင်း၊ ကိုယ်တော်အားဖြင့်ငင်း၊ ကိုယ်တော်အဖို့အလို့ငှာငင်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။*

==================================

**ဒစ်ပင်ဆေးရှင်းဩဝါဒကိုဆန့်ကျင်ခြင်း – “နိုင်ငံတော်တည်လုနီးပြီ”ဆိုသည်မှာ အမှန်တရားဖြစ်သည်။ ရွေးချယ်ခိုင်းနေခြင်းမဟုတ်။**

(The Kingdom is at Hand: A Fact, Not a Conditional Offer by Rev. James Laning)

သခင်ခရစ်တော်စတင်၍ လူသိရှင်ကြားအမှုတော်ဆောင်သောအခါ “ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ”ဟု ကြေညာလျှက် စတင်ခဲ့ပါသည်။ ဒစ်ပင်ဆေးရှင်းသမားများက ထိုကဲ့သို့ ပြောရသည်မှာ၊ ဂျူးတို့ကို ဒါဝိတ်၏နိုင်ငံတော်တည်ဆောက်ပေးရန် တင်ပြနေခြင်းဖြစ်သည်ဟု ပြောကြပါသည်။ သို့သော် ဂျူးအများစုကြီးက ခရစ်တော်ကို ငြင်းပယ်ကြသဖြင့် သခင်ခရစ်တော်သည် ထိုတင်ပြခြင်းကို ရုတ်သိမ်းလျှက်၊ သူဒုတိယအကြိမ်ကြွလာချိန်မှ ပြန်လည်တင်ပြရန် ရည်ရွယ်သည်ဟု ပြောကြပါသည်။

ထိုသို့ ခရစ်တော်ကပြောကြောင်း သက်သေပြသည့်အနေနှင့် မာကု ၁း၁၄၊ ၁၅ ကိုကိုးကားလေ့ရှိကြသည်။ ခရစ်တော်၏ အစောပိုင်းဟောကြားချက်ဖြစ်သည်၊ “ယောဟန်သည် ထောင်ထဲသို့ရောက်သည်နောက် ယေရှုသည် ဂါလိလဲပြည်သို့ ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့၊ ဧဝံဂေလိတရားကိုယုံကြည်ကြလော့ဟူသော ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။” သခင်ခရစ်တော်က “အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ”ဟုပြောခဲ့သည်။ ဒစ်စပင်ဆေးရှင်းဝါဒီများက ထိုစကားစု၏ အဓိပ္ပါယ်မှာ ခရစ်တော်က ဂျူးတို့ကို မြေကြီးနှင့်ဆိုင်သောနိုင်ငံတော်ကို ပေးရန်တင်ပြနေခြင်းဖြစ်သည်၊ ခရစ်တော်မလာခင် နှစ်တထောင်ခန့်ကရှိခဲ့သော ဒါဝိတ်မင်း၏နိုင်ငံတော်နှင့်တူသော နိုင်ငံတော်ဖြစ်သည်ဟု ပြောကြပါသည်။

**သခင်ခရစ်တော်ပြောသော တည်လုနီးပြီးဖြစ်သောနိုင်ငံတော်သည် မည်သို့နည်း။**

နေရာအများအပြားတွင် သခင်ခရစ်က နိုင်ငံတော်သည် တည်လုနီးပြီဟုပြောယုံသာမကပါ၊ ထိုနိုင်ငံတော်သည် မည်သို့သော သဘာဝရှိကြောင်းကိုလည်း ရှင်းပြခဲ့ပါသည်။ ဤကျမ်းပိုဒ်များကို ဥပမာအနေနှင့်ကြည့်ပါ၊ "ငါသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင့်ထုတ်သည်မှန်လျှင်၊ အကယ်စင်စစ် သင်တို့၌ ဘုရားသခင်၏နိုင်ငံတော် တည်ချိန်ရောက်လေပြီ" (မဿဲ ၁၂း၂၈)။ "အကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အထဲ၌ ရှိသည်" (လုကာ ၁၇း၂၁)။ ဤကျမ်းပိုဒ်များတွင် သခင်ခရစ်တော်က၊ ဘုရားသခင်၏နိုင်ငံတော်ဆိုသည်မှာ သခင်ခရစ်တော်က ကျေးဇူးတော်အားဖြင့် တစုံတဦး၏စိတ်နှလုံးအတွင်း အုပ်စိုးတော်မူခြင်းကို ရည်ညွှန်းကြောင်း ရှင်းပြပါသည်။ သခင်ခရစ်တော်ကပြောပါသည်၊ ဘုရားသခင့်လူများ၏နှလုံးသားများထဲတွင် ဝိညာဉ်တော်သည် ကျေးဇူးတော်အားဖြင့် လှုပ်ရှားလုပ်ကိုင်တော်မူလျှက်၊ သူတို့၏ဝိညာဉ်ရေးရာရန်သူများလက်မှကယ်တင်ချိန်တိုင်းတွင် ဘုရားသခင်၏နိုင်ငံတော်သည် ထိုသူတို့ထံတွင် တည်တော်မူပြီဖြစ်သည်။

ဒစ်စပင်ဆေးရှင်းဝါဒီများက ခရစ်တော်ပြောနေသော နိုင်ငံတော်သည်၊ အနာဂတ် နှစ်တထောင်ကာလ မရောက်မချင်း ရောက်လာမည်မဟုတ်ဟုပြောကြပါသည်။ သို့သော် သခင်ခရစ်တော်က အပြစ်နှင့်စာတန်ထံမှနေ၍ ကယ်လွှတ်ခြင်းကို ခံစားရသူတိုင်းသည်၊ ထိုအချိန်၌ပင် သူဟောပြောနေသော နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာကို စတင်၍ ခံစားနေကြရပြီဟု ပြောပါသည်။

အထက်ကဖေါ်ပြခဲ့သော မဿဲ ၁၂ ကို ဒစ်စပင်ဆေးရှင်းဝါဒီတို့က နတ်ဆိုးများကိုနှင်ထုတ်ခြင်းနှင့် အခြားအံ့သြဖွယ်ရာများ ပြုလုပ်ခြင်းတို့သည် အနာဂတ်တွင် သူတည်ဆောက်မည်ဖြစ်သော နှစ်တထောင်နိုင်ငံတော်၏တန်ခိုးကို ကြိုတင်၍ဖေါ်ထုတ်ပြသနေခြင်းသာဖြစ်သည်ဟု သင်ကြပါသည်။ခရစ်တော်က ထိုနိုင်ငံ၏တန်ခိုးကို ပြနေခြင်းဖြစ်သည်ဟုသင်ကြသည်။ သို့သော် ဂျူးတို့က ခရစ်တော်၏တင်ပြနေခြင်းကို ငြင်းပယ်ကြ၍၊ ထိုတန်ခိုးကို ဂျူးတို့သည် အာနာဂတ်နိုင်ငံတော်ရောက်ချိန်ထိတိုင်အောင် မခံစားကြရပါဟု ပြောကြသည်။

သို့သော် ထိုကဲ့သို့ သခင်ခရစ်တော်က မပြောပါ။ ကျွန်တော်တို့၏သခင်ဘုရားက နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်ခြင်းသည်၊ သူဟောပြောနေသော နိုင်ငံတော်ရှိနေပြီးဖြစ်ကြောင်းသက်သေဟု ပြောပါသည်။ အံ့သြဖွယ်အကြောင်းများကိုပြုခြင်းသည်လည်း၊ " ငါတင်ပြနေတာကို မင်းတို့လက်ခံရင်၊ ငါ မင်းတို့အတွက် ဘာလုပ်ပေးနိုင်တယ်ဆိုတာကို ကြည့်ပါ"ဟုပြောဖို့မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ "မင်းတို့မျက်စိရှေ့မှာ ဘာတွေဖြစ်နေတယ်ဆိုတာကို သတိပြုပါ"ဟုပြောနေခြင်းဖြစ်သည်။ သခင်ခရစ်တော်က အံ့သြဖွယ်ရာများကို ပြုမူခြင်းတို့သည် ဘုရားသခင်၏နိုင်ငံတော် "မင်းတို့ထံတွင်ရောက်နေပြီ" ဆိုသည့်အချက်ကို သက်သေပြနေခြင်းဖြစ်သည်ဟု ပြောပါသည်။ ယခုပင်ရှိနေပြီဖြစ်သည်။ လူအများတို့ကို ထိုသတင်းကောင်းအား နောင်တရ၍ယုံကြည်ရန် ခေါ်နေခြင်းဖြစ်သည်။

**ဘုရားသခင့်နိုင်ငံတော်သည်နီးနေပြီဟုပြောဆိုခြင်း၏အဓိပ္ပါယ်**

သခင်ခရစ်တော်က ဘုရားသခင့်နိုင်ငံတော်သည် ယခုချိန်၌ပင်ရှိနေပြီဟု ဟောကြညာခဲ့သည်။ "အချိန်ပြည့်စုံပြီ"ဟုပြောခဲ့ပါသည် (မာကု ၁း၁၅)။ ဓမ္မဟောင်းပုရောဖက်များက တနေ့တွင် ကတိပေးထားသောရှင်ဘုရင်သည် ရောက်လာ၍၊ ဘုရားသခင်၏လူများကိုကယ်တင်မည်ဟု ဟောပြောခဲ့ကြသည်။ ထိုအံ့သြစရာအချိန်သည် ရောက်ပြီဟုပြောနေခြင်းဖြစ်သည်။ သို့သော် အဘယ်ကြောင့် သခင်ခရစ်တော်က ဘုရားသခင့်နိုင်ငံတော်သည် တည်လု"နီးပြီ"ဟုပြောရသနည်း။ နိုင်ငံတော်သည် ယခုချိန်၌ပင် ရှိနေပြီဟု ပြောပြီးခါမှ၊ အဘယ်ကြောင့် တည်လုနီးပြီဟု ပြောရပြန်သနည်း။

ကျွန်တော်တို့နားလည်ရမည်မှာ သခင်ခရစ်တော်သည် ထိုနိုင်ငံတော်၏ဝိညာဉ်ရေးရာ သဘောသဘာဝရှိခြင်းအကြောင်းကို ပြောနေခြင်းဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။ ခရစ်တော်၏နိုင်ငံတော်ကို အကောင်အထည်နှင့်ဟုယုံသူတယောက်သည် ထိုနီးပြီဆိုသည့်စကားကို မြေကြီးပေါ်တွင် အကောင်အထည်နှင့်တည်ဆောက်တော့မည်ဟု ထင်နေပါလိမ့်မည်။ သို့သော် နိုင်ငံတော်သည် ဝိညာဉ်ရေးရာသဘောသဘာဝရှိသည့်အကြောင်းကို နားလည်သူတယောက်အတွက်တော့ ထိုစကားစုသည် ကယ်တင်

ခြင်းရမည်ဟုပြောနေသည့် ဧဝံဂေလိတရားကို ကြားရသူတိုင်း၏အနီးတွင် ရှိနေသည်ဟု အခက်အခဲမရှိ သဘောပေါက်နိုင်ပါမည်။

ယုံကြည်သူများ၏နှလုံးသားများထဲတွင်ရှိနေသော နိုင်ငံတော်သည် ဧဝံဂေလိတရားတော်ကို ကြားနာသူတိုင်း၏အနီးအပါးတွင် တကယ်ကိုရှိနေပါသည်။ သခင်ခရစ်တော်က နိုင်ငံတော်သည်၊ ထိုအကြောင်းကို မယုံကြည်၍၊ နိုင်ငံတော်၏ကောင်းချီးမင်္ဂလာများကို မခံစားရသူတို့အနီး၌ပင် ရှိတတ်ပါသည်ဟု ဆက်သင်ပေးပါသည်။ ထိုစကားကို သခင်ဘုရားသည် သူ၏တပည့်တော်များအား နိုင်ငံတော်အကြောင်းဟောပြော၍၊ အံ့ဩစရာများကို နိုင်ငံတော်၏ကောင်းချီးမင်္ဂလာများအနေနှင့် သွားလုပ်ကြပါဟု စေလွှတ်သည့်အချိန်တွင် ပြောခဲ့ခြင်းဖြစ်ပါသည်။ “လူနာများကို ချမ်းသာပေးကြလော့။ ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၌ တည်ထောင်သောအချိန် နီးပြီဟု သူတို့အား ဟောပြောကြလော့။ အကြင်မြို့သို့ဝင်၍ မြို့သားတို့သည် လက်မခံအံ့၊ ထိုမြို့လမ်းသို့ ထွက်ပြီးလျှင်၊ ငါတို့၌ကပ်သော သင်တို့မြို့၏မြေမှုန့်ကို ငါတို့ ခါလိုက်၏။ သို့သော်လည်း ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏အနီးသို့ရောက်ကြောင်းကို သိမှတ်ကြလော့ဟု သူတို့အား ပြောကြလော့” (လုကာ ၁၀း၉-၁၁)။ ဧဝံဂေလိတရားကိုဟောကြား၍၊ ဧဝံဂေလိတရားကိုသိသာစေသော အံ့ဩဖွယ်ရာများကို ပြုသောအခါ၊ ထိုသို့ပြုခြင်းကို မြင်နိုင်သောနေရာပတ်ဝန်းကျင်တို့တွင် နေသောသူများအနီးတွင် ဘုရားသခင်၏နိုင်ငံတော်သည် ရောက်ရှိပါသည်။ ဧဝံဂေလိတရားကို မယုံကြည်ကြသောသူတို့ထံ၌ပင် နိုင်ငံတော်သည် သူတို့နှင့်နီးကပ်စွာ ရောက်ရှိခဲ့ကြောင်းကို သေချာစွာသိနားလည်ရန် ပြောစေပါသည်။ ထိုသို့သောသူတို့သည် တရားစီရင်ခြင်း ခံရရာနေ့တွင် ပို၍ဆင်ခြေတက်၍မရတော့ပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့ကြားနိုင်လောက်အောင်ဟောကြားခဲ့သော အံ့ဩဖွယ်ရာနတ်ကပတ်တော်ကို ငြင်းပယ်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။

**နိုင်ငံတော်၏ပြည့်စုံခြင်းသည် အနာဂတ်၌ပင်ရနေခြင်းအကြောင်း**

သခင်ခရစ်တော်က ဘုရားသခင်၏နိုင်ငံတော်သည် ယခုချိန်၌ပင် တကယ်ရှိနေပြီဖြစ်ကြောင်း သင်ပေးပါသည်။ သို့သော် တချိန်ထဲတွင် ထိုနိုင်ငံတော်၏ပြည့်စုံခြင်းအချိန်သည် အနာဂတ်တွင် ဖြစ်နေသေးကြောင်းကိုလည်း ကတိပေးတော်မူပါသည်။ သူပြန်လာချိန်နီးဖြစ်ပျက်ကြမည့် နိမိတ်လက္ခဏာများအားဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် နီးကပ်လာပြီဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။ “ထိုနည်းတူ ထိုအကြောင်းအရာများဖြစ်သည်ကို မြင်ရလျှင်၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးသည်ကို သိမှတ်ကြလော့” (လုကာ ၂၁း၃၁)။ သခင်ခရစ်တော်ပြန်လာခါနီးနိမိတ်လက္ခဏာများကို ယနေ့ချိန်တွင် ပို၍ပို၍တွေ့နေရပြီဖြစ်သဖြင့်၊ အထက်သို့မျှော်ကာ၊ ကျွန်တော်တို့၏ပြည့်စုံသောကယ်တင်ခြင်းချိန်သည်နီးလုကြောင်း သတိရကြပါသည်။

ကျွန်တော်တို့၏သခင်ပြန်လာမည်ကို စိတ်ထက်သန်စွာမျှော်နေကြရင်း၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီဖြစ်ကြောင်း သတင်းကောင်းကို ကျွန်တော်တို့ ဟောပြောကြပါသည်။ ယနေ့တိုင်အောင် ကျွန်တော်တို့သည် “နောင်တရ၍၊ ဧဝံဂေလိတရားကို ယုံကြည်ကြပါ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ”ဟု ဟောပြောကြပါသည်။ ထို့အပြင် သခင်ခရစ်တော်သည် ထိုသတင်းကောင်းကို ယနေ့ချိန်တွင် အသင်းတော်မှတဆင့် ဟောကြားတော်မူသောအခါ၊ ကြားသမျှသောသူတိုင်းအတွက် တင်ပြနေခြင်းတခုကို ပြုနေခြင်းမဟုတ်ပါ။ ပြီးပြည့်စုံပြီးသောအကြောင်းအရာတခုကို ကြေညာတော်မူနေခြင်းဖြစ်ပါသည်။ သူသည် ဘုရားသခင်၏အံ့ဩဖွယ်ကတိတော်တခုကို ပြောနေခြင်းဖြစ်သည်။ ထိုကတိတော် တနေ့ပြည့်စုံမည်ဆိုသည်မှာ အင်မတန်သေချာလှသည် ဆိုသည့်အကြောင်းကို ကြေညာနေခြင်း ဖြစ်သည်။

ထိုသို့သောသတင်းကောင်းသည် ယနေ့ ကျွန်တော်တို့ပြောနေသော သတင်းကောင်းဖြစ်သည်။ ထိုသို့သောသတင်းကောင်းသည် လွန်ခဲ့သောနှစ်ပေါင်းတတထောင်ခန့်က သခင်ခရစ်တော် မိမိ၏အမှုတော် စတင်ထမ်းဆောင်ချိန်တွင် ကြေညာခဲ့သော သတင်းကောင်းဖြစ်ပါသည်။